## မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာ စာရင်းအင်းဌာနတွင်းသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၅-၁၂-၂၀၂၃ ရက်နေ့၊ နေ့လယ် (၁:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ (၃)ပတ်ကြာ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ နေပြည်တော် (ရုံးချုပ်)ရှိ ဝန်ထမ်းများအား In person ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ထမ်းများအား Online စနစ်ဖြင့်လည်းကောင်း သင်ကြားပို့ချမည် ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင် စာရင်းအင်းစနစ် အရေးပါပုံကို ပိုမိုသိရှိနည်းလည်လာစေပြီး နိုင်ငံတကာ အဆင့်မီသော အရည်အသွေး ပြည့်ဝသည့် မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများ ထုတ်ပြန်နိုင်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့ လာသော ဖွား/သေ ပုံစံများမှ အချက်အလက်များကို အခြေခံ၍ E-platform Database System ဖြင့် International Statistical Classification of Diseases and Related Health Problems 10th Revision (ICD-10) အသုံးပြု၍ သေဆုံးရသည့်ရောဂါများကို ခွဲခြားသတ်မှတ်ပြီး မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်းနှင့် မျှော်မှန်းသက်တမ်းအစရှိသော မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းအင်း ညွှန်ကိန်းများကို အချိန်နှင့် တစ်ပြေးညီတွက်ချက် ထုတ်ပြန်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

ကျန်းမာရေးဝန်ကြီးဌာနက ပေးပို့လာသည့် ဖွား/သေပုံစံများမှ အချက်အလက်များကို အခြေခံပြီး E-platform Database System ဖြင့် International Statistical Classification of Diseases and Related Health Problems 10th Revision (ICD-10) အသုံးပြုပြီး သေဆုံးရသည့် ရောဂါများကို ခွဲခြားသတ်မှတ်ပြီး မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်းနှင့် မျှော်မှန်းသက်တမ်း အစရှိသည့် မွေးဖွားမှုနှင့်သေဆုံးမှု စာရင်းအင်းညွှန်ကိန်းများကို အချိန်နဲ့တစ်ပြေးညီ တွက်ချက်ထုတ်ပြန် နိုင်သည့်တွက်ချက်နည်းများ၊ နိုင်ငံတကာအဆင့်မီ မွေးဖွားမှုနှင့်သေဆုံးမှု စာရင်းအင်းအစီရင်ခံစာ

ရေးသားခြင်းများ၊ စာရင်းအင်းဆိုင်ရာအချက်အလက်များ တွက်ချက်နည်းများ စသည်တို့ကို သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ ပြည်နယ်မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၁၀၃) ဦး တက်ရောက်ကြမည်ဖြစ်ပါသည်။